ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (28-4-2008) (၅၆၆၂)

နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံပိုင်စက်ရုံများအနက် ပုဂ္ဂလိကများ လုပ်ကိုင်နိုင်သော စက်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးနေ နိုင်ငံသား လုပ်ငန်းရှင်များ စက်မှုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထူထောင်လုပ်ကိုင် ကြီးပွားတိုးတက်ရန်လို

ဈေးကွက်စီးပွားရေးစနစ်၌ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ကြီးပွားမှာဖြစ်

နေပြည်တော် ဧပြီ ၂၇

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် ဗထူးတပ်မြို့အဝင်၌ တည်ဆောက်ထားရှိသည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရား ဦးအောင်ဇေယျ မင်းသုံးပါးတို့၏ ရုပ်တုကြီးများကိုလည်းကောင်း၊ မင်းသုံးပါးရုပ်တုများနေရာနှင့်ဆက်စပ်၍ မြို့အဝင် စိမ်းလန်းစိုပြည်သာယာရေး စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၈-၄-၂၀၀၈
(တနင်္လာနေ့)

မိုးကြိုကာလ သဘာဝဘေးအန္တရာယ် သတိပြု ကြိုတင်ပြင်ဆင်ကာကွယ်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထုနှင့် ရေထုတို့သည် သက်ရှိများ အသက်ရှင် ရပ်တည်ရေးတွင် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ သို့သော် လိုအပ်သည်ထက် ပိုမိုရရှိလာလျှင်လည်း အန္တရာယ်ဖြစ်နိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧပြီလလယ်မှ မေလလယ်အထိသည် မိုးကြိုကာလ ဖြစ်သည်။ တိမ်တိုက်ကြီးများ တစ်နေရာတည်းတွင် စုစည်းပြီး ပုံ့ကျမိုးများ ရွာသွန်းတတ်သဖြင့် တောင်စောင်း တောင်ကြောဒေသများတွင် ရုတ်တရက် ရေကြီးမှုများ တွေ့ကြုံရတတ်သည်။ အထူးသဖြင့် မကွေးတိုင်းကဲ့သို့ ဒေသမျိုးရှိ ဆင်သေချောင်း၊ ဒေါင်းသေချောင်းကဲ့သို့ နေရာမျိုးတွင် ပုံ့ကျမိုးနှင့် ရေကြီးမှုကို သတိပြုကြရမည်ဖြစ်သည်။

ထို့အပြင် မေလအတွင်း မိုးဦးလေဦးတွင် မိုးသက်လေပြင်းများ တိုက်ခတ်နိုင်သည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် မုန်တိုင်းအလုံး ၁၀၀ ခန့်အနက် ၄၄ ရာခိုင်နှုန်းမှာ မိုးဦးလေဦးတွင် ဝင်ရောက်လာကြောင်း သိရသည်။ မိုးတိမ်တောင်များ ဖြစ်ပေါ်နေပြီး အမြင့်မှ အောက်သို့ထိုးဆင်းတတ်သည့် စိုက်ဆင်းလေပြင်းမျိုးသည် မွန်းလွဲနှင့် ညနေပိုင်းများတွင် တစ်နာရီ မိုင် ၆၀ မှ ၈၀ နှုန်းအထိ တိုက်ခတ်နိုင်သဖြင့် အဆောက်အအုံဟောင်းများ၊ သစ်ပင်ကြီးများ၊ ပြည်တွင်း ရေကြောင်းသွားသင်္ဘောများ အန္တရာယ်မဖြစ်ပေါ်စေရေး အထူးဂရုပြုကြရမည်ဖြစ်သည်။

သင်္ဘောများ ရေကြောင်းသွားလာနေစဉ် မိုးတိမ်တောင်ကြီးများ တွေ့မြင်နေစဉ် မိုးခြိမ်းသံကြားခြင်း၊ ဝေးနေသော်လည်း လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်လာပါက ညနေပိုင်းများတွင် စိုက်ဆင်းလေပြင်း ကျရောက်နိုင်ကြောင်း သတိပြုသင့်ပေသည်။

သင်္ဘောခုတ်မောင်းနေစဉ် မိုးကာကြီးများ ချထားခြင်း၊ သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ထားခြင်းတို့သည် လေပြင်းဆောင့်တိုက်ပါက တိမ်းမှောက်သွားနိုင်သဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ၊ အသိပညာပေးမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေး ဌာနဆိုင်ရာများ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ပြည်သူများအနေဖြင့် မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များကို သတိပြု ကြိုတင်ကာကွယ်ထားကြရမည် ဖြစ်ပါသည်။ ။

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ရွှေလမင်းရွှေဆိုင် ၂၈ လမ်း မန္တလေးမြို့နေ ဦးထွန်းထွန်း-ဒေါ်ကေသီကို မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ အမှုဆောင်ဦးဝင်းမြင့် လက်ခံယူစဉ်။
(က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်း၌ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၂၅ ရက်တွင် ပဲခူးတိုင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒိုက်ဦးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝေါမြို့ မြို့နယ်ခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ပဲခူး၊ ကဝ၊ သနပ်ပင်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။
(ရထား)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်) ခုနစ်ရက် အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ကျေးရွာအနီးရှိ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)သို့ ကြွရောက်ပြီး အကြိမ်(၃၀)မြောက် သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲကို ပထမပတ်အဖြစ် မေ ၁၂ရက် ညနေမှ ၁၉ ရက် နံနက်အထိ၊ ဒုတိယပတ်အဖြစ် မေ ၁၉ ရက်ညနေမှ မေ ၂၆ ရက်နံနက်အထိ၊ တတိယပတ်အဖြစ် မေ ၂၆ ရက် ညနေမှ ဇွန် ၁ ရက်နံနက်အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး(ရန်ကုန်) ဖုန်း-၆၃၈၀၈၈နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။
(က-ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၇

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဧပြီ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သဘာပတိများအဖြစ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် ဒေါ်ဝါဝါထွန်းတို့က ဆောင်ရွက်ကြပြီး မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်(ပထမဆင့်)ဒေါ်ခင်မြင့်မြင့်က အမှာစကားပြောကြား၍ အတွင်းရေးမှူး ဒေါ်လှဝတီက ၂၀၀၇-၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ဌေးယူက ၂၀၀၇- ၂၀၀၈ ခုနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြကာ သဘာပတိ အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌက မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသက် ၇၀ နှင့်အထက် ပုဂ္ဂိုလ်များအား ဂါရဝပြု လက်ဆောင်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်(ပထမဆင့်)ဒေါ်ခင်မြင့်မြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ၅၅ လမ်း နေဖခင် ဒေါက်တာ ဦးအောင်ခင်၊ မိခင်ဒေါ်ခင်ကြည်၊ မောင် အငယ်ဆုံး ဦးမျိုးမြင့်အောင်ခင် (M.P.P.E) ချောက်မြို့၊ ဘကြီး ဦးရင်လုံတို့အား ရည်စူးလျက် ဒေါက်တာ ဒေါ်မေဝင်းအောင်ခင် ပါမောက္ခချုပ်(ငြိမ်း) သူနာပြုတက္ကသိုလ်-ရန်ကုန်က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ် လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။ (ဓမ္မပဒ ၄၄)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ လွိုင်လင်မြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲကို ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့၌ ကျင်းပသည်။

မြေစိုက်ပိုစတာများအဖြစ် **“အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်”၊ “အမျိုးသားရေးအကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြစို့”၊ “မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်”** ဟူသည့် မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဝိုင်းဝန်း စိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲများ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ် (၇)မြို့နယ်တို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ် (၇)မြို့နယ် သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၌ လည်းကောင်း၊ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ လည်းကောင်း၊ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ၌ လည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံ၌ လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံ၌ လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှေ့၌ လည်းကောင်း၊ အလုံမြို့နယ် ထော်လီကွေ့၌လည်းကောင်း စိုက်ထူကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းစိုက်ထူ

“မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့”၊ “အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်၊ အမျိုးသားရေး အကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြစို့”၊ “ဒို့အနာဂတ် ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေအတည်ပြုစို့” နှင့် “မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်” ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၈ (တနင်္လာနေ့)

(၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလပြည့်ကျော် ၈ ရက် ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၅၀ ၄။ နိုင်ငံ့စီးပွား အလေးထား ကျေးလက် ထုတ်ကုန်များ (မြန်မာ့လက်မှုအနုပညာစဉ့်ထည်လုပ်ငန်း)
- ၈:၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၃၀ ၆။ International News.
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မြန်မာ့ရိုးရာ တောလေ့ ကျေးလက် တေးသံများ
- ၄:၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၄၅ ၄။ တံငါတံတား
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
- ၅:၃၀ ၇။ လူကူးမျဉ်းကြားမှ ကူးမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှူရှာမယ် လှုကမ္ဘာဝယ်
- ၆:၅၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်တယ်-- ချစ်တယ်” (အပိုင်း - ၁၆)**
- ၇:၄၀ ၁၂။ “စိတ်အားထက်သန်ဆန္ဒအမှန်”
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ “ရှာဘာက ပိုကောင်းပါတယ်”
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာမျဉ်းပြိုင်” (အပိုင်း-၂၀) (ဇာတ်သိမ်း)**
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ အစီအစဉ်ပြီး၏။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထူးခြားချက်များ

စိုင်းသိန်း

ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိအခြေအနေတွင် ဒီမိုကရေစီ နည်းလမ်းတကျဖြင့် တိုင်းရင်းသားတို့၏ အခွင့်အရေးမှန်သမျှကို ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရပါသည်။

မကြာမီ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်ရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အဆများစွာ ပိုမိုဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် ထင်သာမြင်သာအောင် တင်ပြရလျှင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခွင့်အာဏာများကို တိုင်းရင်းသားလူမျိုးစုငယ်များ အထိ ခွဲဝေအပ်နှင်းထားပါသည်။ ဗဟို၌ ပြည်ထောင်စုတစ်ခုလုံး၏ အခွင့်အာဏာကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ် ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကျင့်သုံးမည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုမှ အရေအတွက် ဆတူကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုလည်း မဲဆန္ဒနယ် အလိုက် ပြည်သူလူထုကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟု ဆိုရာ၌လည်း မြန်မာနိုင်ငံ မြို့နယ်အနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိကြသဖြင့် မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များပင် ဖြစ်မည်ဖြစ်ရာ တိုင်းရင်းသား ကိုယ်စားလှယ်များလည်း ပါဝင်လာမည်သာဖြစ်သည်။

ကျွန်တော်တို့နေထိုင်သည့် ရှမ်းပြည်နယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့ ရှိလာမည်ဖြစ်သည်။ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလေးခု ပေးထားပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် ရှမ်းပြည်နယ် လွှတ်တော်တွင် ပါဝင်ခွင့်ရရှိကြမည်ဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်ခွင့် ရရှိကြမည်ဖြစ်သည်။

ထို့ကြောင့် ဥပဒေပြုရေးအခွင့်အာဏာကို ဗဟိုမှ တာဝန်ယူကျင့်သုံးမည့် လွှတ်တော်အသီးသီးသည် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကို တန်းတူညီမျှ လမ်းဖွင့်ပေးထားကြောင်း တွေ့ရှိနိုင်သည်။ ထို့အတူ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကိုလည်း ဖွဲ့စည်းပြီး ဒေသအလိုက် ဥပဒေပြုခွင့်အာဏာ ကျင့်သုံးခွင့် ရရှိဦးမည်ဖြစ်သည်။

ယခင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်၊ ၎င်းလွှတ်တော် နှစ်ရပ်ပေါင်းထား သော ပါလီမန်နှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်ကောင်စီတို့တွင်သာ ဥပဒေပြုခွင့်ရရှိခဲ့သည်။ ထိုစဉ်က ချင်းဝိသေသတိုင်းဟူ၍သာ ဖွဲ့စည်းထားရှိခဲ့ပြီး ၎င်း၌ ဥပဒေပြုရေး အခွင့်အာဏာမရှိခဲ့ပေ။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်(၇)ခု ဖြစ်တည်လာခဲ့သော်လည်း ထိုပြည်နယ်များတွင် ဥပဒေပြုရေး အခွင့်အာဏာ ကျင့်သုံးနိုင်သည့် လွှတ်တော်များ မရှိခဲ့ပေ။ ဤမျှ နှိုင်းယှဉ်ကြည့်ခြင်း အားဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း မည်သူ့ကိုသာစေ၊ မည်သူ့ကို နာစေ ဟူသည့် သဘောထားမရှိဘဲ အဆင့်အတန်း၊ အခွင့်အလမ်းတူ ဖော်ဆောင်ခွင့်ကို ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က အပ်နှင်းထား ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထို့ထက်ပို၍ ပေးထားသည့် အခွင့်အရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ဖွဲ့စည်းခွင့်ပေးထားခြင်း ဖြစ်သည်။ အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများကိုလည်း ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းထားသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသည့် တိုင်းရင်းသားလူမျိုးစုငယ်များအတွက်လည်း အနည်းဆုံး လူဦးရေတစ်သောင်းရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ပြီး ဥပဒေပြုခွင့်နှင့် အုပ်ချုပ်ခွင့်များရရှိအောင် ဥပဒေပြဋ္ဌာန်းပေးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထို့မျှမက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမရရှိသည့် လူဦးရေနည်းသော တိုင်းရင်းသားများအနေဖြင့်လည်း ၎င်းတို့၏လူဦးရေသည် တစ်နိုင်ငံလုံး၏ ၀ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိပြီး ဥပဒေပြုနိုင်ကြမည်ဖြစ်သည်။ အလားတူ ၎င်းကိုယ်စားလှယ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရရှိကြမည်ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာ ခွဲဝေကျင့်သုံးမှုကိုကြည့်ပါက ဗဟိုတွင် ပြည်ထောင်စုအစိုးရအဖွဲ့တည်ရှိမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရာ၌လည်း မည်သည့်လူမျိုးကို ရွေးချယ်တင်မြှောက်ရမည်ဟု ကန့်သတ်ထားခြင်းမရှိပေ၊ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ သုံးဖွဲ့က မိမိတို့လိုလားနှစ်သက်သူတစ်ဦးကို သမ္မတလောင်းများအဖြစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များပါဝင်သော အစုအဖွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သော အစုအဖွဲ့နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အစုအဖွဲ့ဟူ၍ ဖွဲ့စည်းပြီး အစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီ ရွေးချယ်သွားရမည်ဖြစ်သည်။

အဆိုပါ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့က ရွေးချယ်တင်မြှောက်သော ဒုတိယသမ္မတ သုံးဦးအနက်မှ တစ်ဦးကို ပြည်ထောင်စုလွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည် ဖြစ်သည်။ အရွေးချယ်မခံရသူ ဒုတိယသမ္မတနှစ်ဦးသည် ဒုတိယသမ္မတများအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများထဲမှပင် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည့် ပုဂ္ဂိုလ်သာဖြစ်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ရွေးချယ်တင်မြှောက်ရာ၌ပင် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ကင်းရှင်းအောင် ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိနိုင်သည်။

အုပ်ချုပ်ရေးအခွင့်အာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့အား အပ်နှင်းထားသကဲ့သို့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အုပ်ချုပ်ရေးအခွင့်အာဏာ ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အသီးသီးကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း တာဝန်ပေး ခန့်အပ်ရာတွင် မည်သည့်တိုင်းရင်းသား လူမျိုးဖြစ်ရမည် ဟူသော ကန့်သတ်ချက်မရှိပေ။ ထို့ကြောင့် သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံသားတိုင်း (တိုင်းရင်းသားတိုင်း)ဝန်ကြီး၊ ဒုတိယဝန်ကြီး ဖြစ်နိုင်ခွင့်ရှိသည်။ တရားစီရင်ရေးအာဏာ အပ်နှင်းရာ၌လည်း အဆိုပါ သဘောထားများ အတိုင်းပင် ဖြစ်ပါသည်။

ပွင့်ပွင့်လင်းလင်းတင်ပြရလျှင် ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီရရှိရေးအတွက် အရေးကြီးဆုံး အာမခံချက်ကြီးပင်ဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့် တိုင်းရင်းသားပြည်သူများ လိုချင်သော ဒီမိုကရေစီမရရှိနိုင်ပေ။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများအနေဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ထောက်ခံမဲမဖြစ်မနေ ပေးကိုပေးသင့်ပေသည်။

ယင်းအခြေခံဥပဒေတွင် လက်ရှိပြည်နယ်နှင့် တိုင်းများအပြင် “ ၀ ” တိုင်းရင်းသားတို့အတွက် “ ၀ ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂ တိုင်းရင်းသားတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ပါလာသည်။

ကျန်တိုင်းရင်းသားတို့အတွက် လူဦးရေအလိုက် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပိုင်ခွင့်များ ပိုလာသည်။ ပြည်နယ်အစိုးရများ ဖွဲ့စည်းခွင့်ကဲ့သို့ အခွင့်အရေးမှာ အာဏာခွဲဝေမှုတွင် ပိုမိုအခွင့်သာလာခြင်း ဖြစ်သည်။

အခြေခံဥပဒေကို ပြင်ဆင်သည့် အခန်းလည်း ပါဝင်ပါသည်။ ထိုအခြေခံဥပဒေကို ကျင့်သုံးပြီး ရင့်ကျက်လာသည်နှင့်အမျှ အပြောင်းအလဲ လုပ်၍ရသည့် အခွင့်အရေးလည်းရှိသည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည် တင်းကျပ်လွန်းသည့် အခြေခံဥပဒေမျိုး မဟုတ်ပေ။ တိုင်းရင်းသားပြည်သူများအားလုံးကို ထူးကဲစွာ အကျိုးပြုနေသည့် အလျောက် ဤပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မဲပေးကြရာတွင် ထောက်ခံမဲပေးခြင်းဖြင့် ဒီမိုကရေစီရရှိရေးအတွက် အတူလက်တွဲပါဝင် ဆောင်ရွက်ကြပါစို့ဟု နှိုးဆော် တိုက်တွန်းလိုက်ရပါသတည်း။ ။

ပွင့်ပွင့်လင်းလင်းတင်ပြရလျှင် ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီရရှိရေး အတွက် အရေးကြီးဆုံး အာမခံချက်ကြီးပင်ဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့် တိုင်းရင်းသားပြည်သူများ လိုချင်သော ဒီမိုကရေစီ မရရှိနိုင်ပေ။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများအနေဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ထောက်ခံမဲ မဖြစ်မနေ ပေးကို ပေးသင့်ပေသည်။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၁ရက် နံနက်ပိုင်းနာရီတွင် ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ သီရိရပ်ကွက်၊ ဇေယျာရပ်ကွက်နှင့် ခွင်းချောင်း၊ မင်းလယ်၊ ရင်းခေါ်၊ အကြည်ကတင်း၊ အညာကတင်း၊ လယ်ရင်း၊ သီးကုန်း၊ ကျောက်ဆွဲ၊ ပေါက်တော၊ ကြခတ်၊ ဖိုလယ်၊ ကျောက်မြောင်း၊ဆောလက်ပန်၊ ယောလက်ပန် စသည့် ကျေးရွာ ၁၆ ရွာတို့မှ ဒေသခံပြည်သူ ၄၃၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၀ နာရီခွဲတွင် ကံချောင်းကျေးရွာတွဲဖက်အလယ်တန်းကျောင်း ရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ အမိုးအတွက် ငွေကျပ်နှစ်သိန်း၊ညောင်ကန်ကျေးရွာ အထက်တန်းကျောင်းခွဲ အဆောက်အအုံသစ်အတွက် ငွေကျပ်နှစ်သိန်းစုစုပေါင်း ငွေကျပ်လေးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများနှင့် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက်စာအုပ်၊စာစောင် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မင်းကြည့်ကျေးရွာ ရေသွယ်မြောင်းဖောက်လုပ်ရေးအတွက် ငွေကျပ် သုံးသိန်း၊ ပန်းဆန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာ တစ်စုံကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် ဒေသ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ယောမင်းကြီးဦးဘိုးလှိုင် ခန်းမ၌ ရပ်ကွက်နှင့်ကျေးရွာ ၁၆ ရွာတို့မှ ဒေသခံပြည်သူများ ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်ထုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း မြရတနာခန်းမ၌ ရပ်ကွက်နှင့် ကျေးရွာ ၂၂ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် ခွင်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် ငါးသိန်း၊ ကျောက်ဆွဲကျေးရွာ ရေလှောင်ကန်ဆောက်လုပ်ရန် ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများနှင့် ဒေသခံပြည်သူ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ကံချောင်း၊ လက်မွန်၊ ကျောက်ဆစ်၊ပေါက်တော၊ငှက်ချောင်း ညောင်ကန်၊သလယ်၊ကွမ်းခင်း၊ ကျင်းလိန်၊ အုတ်ဖို၊ ခူးချောင်း၊ တောမ စသည့် ကျေးရွာ ၁၂ ရွာတို့မှ ဒေသခံပြည်သူ ၃၂၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး က ကံချောင်းကျေးရွာ ကျေးလက် များကိုလည်းကောင်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ၂နာရီတွင် ကျောက်ထုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း မြရတနာခန်းမ၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ ကျောက်ထု၊ မြို့မရပ်ကွက်၊ရုံဘိုရပ်ကွက်၊နတ်ရဲရပ်ကွက်နှင့် ပန်းဆန်၊တေး၊စံ၊မင်းကြည့်၊လေး၊တောခလွန်၊ ငလွန်း၊ နသိုး၊ မိအယ်၊ နှော်၊ ရွာသာ၊ ကြီး၊ မြောက်မကျင်း၊ ပဆုပ်၊ အနိမ့်၊ ကံကြီး၊ ရင့်ရဲ၊ လက်ပန်း၊ ကြန်တော စသည့်ကျေးရွာ ၂၂ရွာတို့မှ ဒေသခံပြည်သူ ၅၀၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများနှင့် အိမ်သုံး၊ လူသုံးပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ကိုလည်းကောင်း ပေးအပ်လှူဒါန်း ရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒေသခံပြည်သူများအား ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် ပြည်သူတစ်ရပ်လုံးသည် တည်ငြိမ်အေးချမ်းမှု၏တန်ဖိုးကိုခံစားသိရှိနေကြပြီဖြစ်သည့် အားလျော်စွာ လူတိုင်းတည်ငြိမ်အေးချမ်းမှုကိုလိုလားလျက်ရှိကြောင်း၊ လူတစ်ဦး၊ မိသားတစ်စုမှသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားလျက်ရှိကြောင်း၊ ထို့ပြင်လူတိုင်းဥပဒေ၏အရိပ်အာဝါသအောက်တွင်လုံခြုံအေးချမ်းစွာအသက်မွေးဝမ်းကျောင်းပြုလျက်ရပ်တည်နေထိုင်လိုကြကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ ဤအခြေခံလိုလားချက်သုံးရပ်ကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ပေးလျက်ရှိရာတည်ငြိမ်သည့် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများ ဆက်လက်တိုးတက် ဖြစ်ထွန်း တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်သွားရန်မှာ ပြည်သူလူထု တစ်ရပ်လုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏တည်ငြိမ်မှု၊ အေးချမ်းမှုကို အပြည့်အဝအာမခံနိုင်မည့်၊ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုကို အပြည့်အဝ အာမခံနိုင်မည့်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ အာမခံနိုင်မည့်၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးမည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုကြရတော့မည်ဖြစ်ကြောင်း၊သို့ဖြစ်၍ပြည်သူတစ်ရပ်လုံး အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုတစ်ခဲနက်ထောက်ခံအတည်ပြုခြင်းဖြင့် မိမိတို့၏ လိုလားချက်၊ လိုအပ်ချက်များ အပြည့်အဝ အာမခံချက်ရရှိအောင် စည်းလုံးညီညွတ်စွာဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်၊စာစောင်များထားရှိမှုစနစ်များနှင့် နံရံကပ်စာစောင်များပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ဧပြီ ၂၇ ရက် ညနေ ၆ နာရီမှ ၂၈ ရက် ညနေ ၆ နာရီအထိ ရန်ကုန်နယ်နိမိတ်အတွင်း အလှည့်ကျ ဓာတ်အားပေးနေမှုထက် အနည်းငယ်လျော့ကျမည်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၄)ရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်နေသော ကမ်းလွန်ဓာတ်ငွေ့ပိုက်လိုင်းများသည် ဧပြီ ၂၇ ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီမှ ၂၈ရက် (အင်္ဂါနေ့) ညနေ ၆နာရီအထိ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်ရန်အတွက် ခေတ္တပိတ်ထားမည်ဖြစ်သည်။ ယင်းကဲ့သို့ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်နေသဖြင့် ရန်ကုန်မြို့ရှိ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၄)ရုံမှ ဓာတ်အားထုတ်လုပ်နေမှုသည် လက်ရှိထုတ်လုပ်မှုထက်(၁၀၀)မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်ရာ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း အလှည့်ကျဓာတ်အားပေးနေမှုမှာ ယခင်ထက် အနည်းငယ်လျော့နည်းသွားမည်ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ကြေညာထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၁၀)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဓာတ်အားပေးစက်ရုံကြီးများမှ ထုတ်လုပ်သော ဓာတ်အားကို ဓာတ်အားသုံးစွဲသူများ နေထိုင်ရာ မြို့၊ ရွာများသို့အရောက် မဟာဓာတ်အားလိုင်းကြီးများအား လိုင်းမိုင်ရာနှင့်ချီ၍ သွယ်တန်းခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများကိုလည်း မဟာဓာတ်အားလိုင်းတစ်လျှောက် တည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးရေး ခွဲရုံများစွာတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တာဝန်ယူဆောင်ရွက်လျက် ရှိပေသည်။

ထိုလုပ်ငန်းများစွာတို့အတွက် ငွေအင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်နေသည့်တိုင် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေသေးရာ တိုးတက်မှု တစ်ပြေးညီရရှိရေး အကန့်အသတ် မရှိစေရန်အတွက် ဓာတ်အား သုံးစွဲလိုသူများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ခွင့်ကို မူဝါဒအရ ခွင့်ပြုပေးပြီး လိုအပ်သောနည်းပညာ အကူအညီများပေးခြင်းဖြင့် ပြည်သူလူထုပါဝင်သော လျှပ်စစ်ဓာတ်အား လုပ်ငန်းကို အားပေးဆောင်ရွက်လျက်ရှိသည်။

အလားတူပင် မဟာဓာတ်အားလိုင်းစနစ်မှ တိုက်ရိုက်ဓာတ်အား ဆက်သွယ်သုံးစွဲရန် အခြေအနေမပေးသေးသည့် ဒေသများရှိ တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ မနိမ့်ကျစေရေး၊ စီးပွားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းပေါ်များရေး ဦးတည်ချက်ကောင်းများဖြင့် ထိုဒေသများတွင် ဒေသအလိုက် မီးလင်းရေးကော်မတီများဖွဲ့စည်း၍လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံခြင်းဖြင့် လည်းကောင်း၊ ဓာတ်အားပေးစက်များတည်ဆောက်၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စနစ်တကျ စိစစ်ခွင့်ပြု၍ အားပေးကူညီခြင်းများကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက် ရှိပေသည်။

ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မှု

ဒေသအလိုက် မီးလင်းရေးကော်မတီများဖွဲ့စည်း၍ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းများတွင် ဓာတ်အားပေးလျက်ရှိပြီး ဒေသအလိုက် တစ်ယူနစ်ဓာတ်အားခဈေးနှုန်းများ ကော်မတီအလိုက် နယ်မြေဒေသ လူထုနှင့်ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဝယ်ယူသုံးစွဲမှု

အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်များနှင့် နီးကပ်စွာ တည်ရှိသော ဒေသအချို့သည် ထိုနိုင်ငံများ၏ ဓာတ်အားကိုသွယ်တန်းရယူကာ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိပါသည်။ ထိုဒေသများ၏ ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းများကို မြန်မာနိုင်ငံ၏ ဓာတ်အားခဈေးနှုန်းနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ပြုစုတင်ပြလိုက်ရပါသည်။

ရှမ်းပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
မူဆယ်	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၂ယွမ်	၀.၇၅ယွမ်	၁.၂ယွမ်	၁ယွမ်	၁.၂ယွမ်
နမ့်ခမ်း	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၂ယွမ်	၀.၇၅ယွမ်	၁.၂ယွမ်	၁.၂ယွမ်	၁.၂ယွမ်
ကြူကုတ်	မြို့မီးလင်းရေး	၁.၂ယွမ်	၁.၁ယွမ်	၁. ၁ယွမ်	၁.၁ယွမ်	၁ယွမ်	၁.၂ယွမ်
မုံးကိုး	မြို့မီးလင်းရေး	၂ယွမ်	၁.၅ယွမ်	၁ယွမ်	၁ယွမ်	အခမဲ့	၂ ယွမ်
မန်ဟီးရိုး	မြို့မီးလင်းရေး	၁.၅ယွမ်	၁.၅ယွမ်	၁. ၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်	၁.၅ယွမ်
ကွတ်ခိုင်	မော်ဟန်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်	၁၈၅ကျပ်
ဟိုပန်	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀. ၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်
ကွမ်းလုံ	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀. ၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်
မန်တုံ	မြို့မီးလင်းရေး	၁.၂ယွမ်	၀.၅ယွမ်	၀. ၅ယွမ်	အခမဲ့	၀.၅ယွမ်	၁.၂ယွမ်

ကရင်ပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
မြဝတီ		၄.၅ဘတ်		၃.၅ဘတ်	အခမဲ့		
ဘုရားသုံးဆူ		၆ဘတ်		အခမဲ့	အခမဲ့		

ကချင်ပြည်နယ်

မြို့အမည်	အဖွဲ့အမည်	ပြည်သူ	ဝန်ထမ်း	ဌာန	ဘာသာရေး	လမ်းမီး	စက်မှု
လွယ်ဂျယ်	စိန်ရွှေစိန်	၁.၅ယွမ်	-	၁ယွမ်	၁ယွမ်	၂ယွမ်	-

အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဆက်သွယ် ဝယ်ယူသုံးစွဲနေရသည့် ဓာတ်အားခနှုန်းထားများသည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လက်ရှိသတ်မှတ်ကောက်ခံလျက်ရှိသည့် ဓာတ်အားခနှုန်းထားထက် များစွာဈေးကြီး လျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

လက်ရှိအခြေအနေတွင် ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော ဒေသများအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ဒေသများအရောက် ဓာတ်အားပို့လွှတ်နိုင်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှု ပြုထားသဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများသည် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများကို နေရာဒေသများစွာတွင် အထူးကြိုးစား တည်ဆောက်လျက်ရှိနေပါကြောင်းနှင့် ကျန်ရှိနေသည့် ဒေသများ ကိုလည်း အလားတူ တည်ဆောက်နိုင်ရေး စီမံချက်များ ချမှတ်ထားရှိကြောင်း သိရသည်။

ဒေသတွင်းနိုင်ငံများ၏ ဓာတ်အားခ ဈေးနှုန်းများ

မြန်မာနိုင်ငံ၏ နေအိမ်သုံးနှင့် လုပ်ငန်းသုံး လက်ရှိဓာတ်အားခနှုန်းထားများကို အာရှဒေသတွင်းနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားခများနှင့် နှိုင်းယှဉ်လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ ဓာတ်အားခနှုန်းထားမှာ ပြည်သူလူထုအတွက် ပို၍ သက်သာမှုရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

ဒေသ/နိုင်ငံ	အိမ်သုံး: တစ်ယူနစ်ဈေး အမေရိကန်ဆင့်	အိမ်သုံး: မှတ်ချက်	လုပ်ငန်းသုံး: သုံးစွဲပုံ	လုပ်ငန်းသုံး: တစ်ယူနစ်ဈေး အမေရိကန်ဆင့်	လုပ်ငန်းသုံး: Capacity Charges $/kVA/month
ဖိလစ်ပိုင်	၁၅.၅၀			၁၆.၃၄	၂၈.၃၆၀
ဟောင်ကောင်	၁၅.၃၈	ယူနစ်၁၅၀၀အထိ	ဗို့အားနိမ့်	၁၄.၅၃	၅.၅၂၆
	၁၆.၅၀	ယူနစ်၁၅၀၀အထက်	ဗို့အားမြင့်	၁၄.၄၅	၅.၃၉၈
စင်ကာပူ	၁၂.၇၃		Peak Time	၁၁.၀၅	၄.၄၇၇
			Off-peak Time	၆.၆၁	၄.၄၇၇
ကမ္ဘောဒီးယား	၉.၄၀	၁-၅၀ ယူနစ်အထိ		၁၅.၆၇	
	၁၄.၇၀	၅၁-၁၀၀ယူနစ်အထိ			
	၁၇.၃၅	၁၀၁ ယူနစ်မှအထက်			
ဘင်္ဂလားဒေ့ရှ်	၇.၅၆	Peak Time	Peak Time	၄.၉၂	
	၅.၄၀	Shoulder Time	Shoulder Time	၄.၁၃	
	၄.၃၀	Off-peak Time	Off-peak Time	၃.၉၅	
အင်ဒိုနီးရှား	၆.၈၅			၆.၀၁	
ပေကျင်း	၆.၃၀		Peak Time	၉.၄၀	၃.၈၇၀
			Shoulder Time	၆.၉၄	၃.၈၇၀
			Off-peak Time	၄.၆၆	၃.၈၇၀
ဗီယက်နမ်	၆.၂၁		Peak Time	၁၀.၁၇	
			Shoulder Time	၅.၀၄	
			Off-peak Time	၂.၇၅	
ကူမင်း	၆.၁၈			၉.၈၆	
မလေးရှား	၆.၀၆	၁-၂၀၀ယူနစ်အထိ	ဗို့အားနိမ့်	၈.၉၇	
	၈.၀၃	၂၀၁-၁၀၀၀ယူနစ်အထိ	ဗို့အားမြင့်	၆.၅၀	၅.၄၂၀
	၈.၆၇	၁၀၀၁ယူနစ်မှအထက်			
နီပေါ	၅.၆၀	ယူနစ် ၈၀ အထိ	ယူနစ် ၄၀၀အထိ	၁၁.၄၀	
	၁၀.၂၀	ယူနစ် ၈၀ အထက်	ယူနစ် ၄၀၀အထက်	၁၃.၉၀	
ထိုင်း	၃.၉၄	၁-၁၅၀ ယူနစ်အထိ	300 KW အထိ	၅.၃၈	၄.၉၈၃
	၆.၀၇	၁၅၁-၄၀၀ယူနစ်အထိ	30-1000 KWအထိ	၃.၇၂	၄.၂၉၀
	၆.၅၀	၄၀၁ယူနစ်မှအထက်	1000 KWအထက်	၃.၇၂	၁.၂၈၆
ဘရူနိုင်း	၃.၈၀			၃.၈၀	
အိန္ဒိယ	၃.၄၈	၁-၁၀၀ ယူနစ်အထိ	ဗို့အားနိမ့်	၁၆.၈၁	၄.၄၀၀
	၄.၀၆	၁၀၁-၂၀၀ယူနစ်အထိ	ဗို့အားမြင့်	၁၄.၀၁	၃.၃၀၀
	၆.၉၃	၂၀၀-၄၀၀ယူနစ်အထိ			
	၈.၃၂	၄၀၀ယူနစ်မှအထက်			
လာအို	၁.၅၉	၁-၂၅ယူနစ်အထိ	ဗို့အားနိမ့်	၆.၄၆	
	၃.၉၄	၂၆-၁၅၀ယူနစ်အထိ	ဗို့အားမြင့်	၅.၄၅	
	၇.၉၉	၁၅၁ ယူနစ်မှအထက်			

မှတ်ချက်။ ။ (အထက်ပါဓာတ်အားခဈေးနှုန်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် စုစည်းရရှိခဲ့ပါသည်။)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ ကိုယ်တိုင်ဓာတ်အား ထုတ်လုပ်၍လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားထုတ်လုပ်မှုကို ဓာတ်အားစနစ်ကွန်ရက် (National Grid System) သို့ ချိတ်ဆက်ရယူ၍လည်းကောင်း၊ ထုတ်လုပ်မှုများကို စုပေါင်းကာ တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးကာ ဓာတ်အားသုံးစွဲသူများကို ဝန်ဆောင်မှု ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဓာတ်အားသုံးစွဲသူများ၏ လျှပ်စစ်လိုအပ်ချက်ကို အချိန်နှင့်အမျှ ကိုက်ညီအောင် လိုက်ပါဖြည့်ဆည်းရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည်ဟုသိရသည်။ ဓာတ်အားသုံးစွဲသူများ၏ လိုအပ်ချက် ပမာဏအတိုင်း အချိန်နှင့်အမျှ လိုက်ပါပြောင်းလဲ ထုတ်လုပ်နိုင်ရန်၊ အကြောင်းကြောင်းကြောင့် စက်ကိုအရေးပေါ်ရပ်ရန် (သို့မဟုတ်)ပုံမှန်ရပ်ရန် လိုအပ်လာချိန်တွင် ဝန်အားမနိုင်ပါက ဝန်အားကြိုတင်လျှော့နိုင်ရန်တို့ ဆောင်ရွက်ရသည်။

ထိုတာဝန်ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားကွပ်ကဲရေးဌာနမှ ၂၄ နာရီတာဝန်ယူ ထမ်းဆောင်နေကြောင်း သိရသည်။ ဓာတ်အားစနစ်ကို တည်ငြိမ်စွာ ထိန်းသိမ်းနိုင်ရေးမှာ လွန်စွာအရေးကြီးသည့်အတွက် ယခင်က တာဝန်ယူခဲ့သော ပုဂ္ဂိုလ်များမှ အမြော်အမြင်ကြီးစွာ ဓာတ်အားကွပ်ကဲရေးဌာနမှ ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများသို့ တိုက်ရိုက်စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်နိုင်ရန် မဟာဓာတ်အားလိုင်းသုံးဆက်သွယ်ရေးစနစ် (Power Line Carrier-PLC) ကို တည်ဆောက်ပေးခဲ့ရာ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် အဆိုပါ မဟာဓာတ်အားလိုင်းသုံးဆက်သွယ်ရေးစနစ် (Power Line Carrier-PLC)ကို အသုံးပြု၍ စဉ်ဆက်မပြတ် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ စာမျက်နှာ ၇ ကော်လံ ၁ ❍

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

❍ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

လက်ရှိ တည်ဆောက်ဆဲ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများတည်ဆောက်ရေးစီမံကိန်းများအတွက် မဟာဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်တိုင်း လိုအပ်သောပစ္စည်းများကို ပြည်ပမှဝယ်ယူခဲ့ရာ အမေရိကန်ဒေါ်လာတစ်သန်းခန့် ကုန်ကျလျက်ရှိသည်ဟုဆို၏။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ထပ်မံတည်ဆောက် ပြီးစီးခဲ့သည့် မဟာ ဓာတ်အားလိုင်းမိုင်ပေါင်းကို အောက်ပါဇယားကို ကြည့်ခြင်းဖြင့် နိုင်ငံတော်မှ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးကို နိုင်ငံခြားငွေပမာဏများစွာ ရင်းနှီးပေးလျက်ရှိနေကြောင်း သိရှိနိုင်ပါသည်-

ဗို့အား	၁၉၈၈မတိုင်မီ လိုင်းအရှည်(မိုင်)	၁၉၈၈မှ၂၀၀၈ခုနှစ်အတွင်းထပ်မံတည်ဆောက်ပြီးလိုင်းအရှည်(မိုင်)
၂၃၀ကေဗွီ	၅၆၈.၉၈	၃၄၇.၇၇
၁၃၂ကေဗွီ	၇၀၆.၆၇	၄၆၃.၃၉
၆၆ကေဗွီ	၄၈၂.၃၇	၉၆၉.၃၆
စုစုပေါင်း	၁၇၅၈.၀၂	၁၇၈၀.၅၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် တောတောင်အထပ်ထပ်တွင် တစ်နှစ်ပတ်လုံး အသက်ကို ပဓာန မထားစွန့်စား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ တည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုပြီးလျှင် နောက်စီမံကိန်းလုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်ကြရပါသည်။ ထိုသို့ လုပ်ကိုင်နေကြခြင်းမှာ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး အပါအဝင် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပီပြင်ခိုင်မာလာရေးတို့အတွက်ပင် ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြရသော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အစိုးရဝန်ကြီးဌာနများက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်နှင့်အညီ စီးပွားရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍအသီးသီးတို့တွင် လျှပ်စစ်စွမ်းအားသည် အဓိကအနေဖြင့် ပါဝင်နေသည်ဖြစ်၍ အဆိုပါ ကဏ္ဍအသီးသီးမှ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနှင့် ဆောင်ရွက်ချက်လုပ်ငန်းများကို အသေးစိတ်အချက်အလက်များ၊ စာရင်းဇယားများနှင့်အတူ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ ပြည်သူများက သိရှိနားလည်ပြီး လောလောဆယ် အလှည့်ကျရရှိသည့် လျှပ်စစ်ဓာတ်အားစနစ်ကို မိမိတို့အတွက် အရေးကြီးသည့် လူမှုဘဝကဏ္ဍများတွင် အကျိုးရှိစွာသုံးစွဲခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၁၆) ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၇

ယခုတစ်ပတ်ထုတ်ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၁၆) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းမှ သိကောင်း စရာအချက်များနှင့်အတူ ရတနာပုံဈေးမီးလောင်ကျွမ်းမှု ဖြစ်ရပ်မှန်ရှင်းလင်းဓာတ်ငွေ့ပိုက်လိုင်းပေါက်သဖြင့်သင်္ကြန်တွင်း မီးပြတ်ခဲ့ခြင်းဖြစ်၊ သတ္တုမိုင်းဟောင်းများကိုနည်းပညာသစ်ဖြင့်ပြန်လည်တူးဖော်ပါကအကျိုးအမြတ်ရရှိနိုင်၊ အထည်ချုပ်လုပ်ငန်းများ ပြန်လည်ဦးမော့လာ၊ ယခုနှစ် မိုးရာသီဝင်ရောက်မှု ယခင်နှစ်များကထက် နောက်ကျမည်၊ ပင်လယ်ပြင်အပန်းဖြေခရီးစဉ်အဖြစ်မြိတ်ကျွန်းစုများဆီသို့ သွားနိုင်ပြီ၊ သွေးမတိတ် ရောဂါရှင်ကလေးငယ်များအတွက် သန့်စင်သွေးများ လှူဒါန်းနိုင်၊ ပြည်ပပို့ကုန်များအတွက် သင်္ဘောလိုင်းသစ် စတင်ပြေးဆွဲပြီ၊ သင်္ဘောသား ပတ်စ်ပို့အသစ် လျှောက်လိုသူများ SECD သို့မဟုတ် ပုံစံ၁၇တင်ပြရန်လို စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ဝင်းနိုင်ထွန်း၏ လူကုန်ကူးမှုဖြစ်ဖို့ ဘယ်သူတွေက အားပေးကူညီနေကြသလဲ၊ ချွဲဂွမ်ဂျင်း၏ စိတ်ခံစားချက်ပန်းချီ အနုပညာနှင့်မြန်မာ-ကိုရီးယား ယဉ်ကျေးမှုဆက်နွှယ်ခြင်း ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အိုစမာဘင်လာဒင်ဟာပါကစ္စတန်မြေပေါ်မှာပဲ ရှိနေတယ်" အိုစမာဘင်လာဒင် ကျွမ်းကျင်သူအမေရိကန် စာရေးဆရာ စတိဗ်ကောလ်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ တောင်ကိုရီးယား သမ္မတသစ်ကြောင့် တောင်မြောက်ပေါင်းဆုံရေးအလှမ်းဝေးဦးမည်လား၊ ပျိုပျိုမေတို့ သတိပြုစရာ၊ Titanic သင်္ဘောကြီးနစ်မြုပ်ခဲ့ရခြင်းတွင် သံမှိုများကတရားခံဖြစ်၊ ဘလော့ဂါများအတွက် အထူးအစီအစဉ် မလေးရှား ရုပ်သံတွင် ဖွင့်လှစ်ထားမည်၊ စပိန်နိုင်ငံ၏ အမျိုးသမီးကာကွယ်ရေးဝန်ကြီး အာဖဂန်နစ္စတန်သို့ ရောက်ရှိ၊ တရုတ် သတင်းစာဆရာများအဖွဲ့ကCNNအားဆန္ဒပြ၊ ဂျိမ်းစ်ဘွန်းအား အသက်သွင်းခဲ့သူကို ဂုဏ်ပြုသောအားဖြင့် ပြခန်း ဖွင့်လှစ်ပြသ၊အရက်သောက်ဖော်တစ်ဦး အလိုရှိသည်၊ မက္ကဆီကန် အလုပ်သမားများကို ကယ်လီဖိုးနီးယားမှ မှီခိုနေသကဲ့သို့ နိုင်ငံခြား လုပ်သားများအား ဖူးကက်မှ မှီခိုနေရ၊ ခန္ဓာကိုယ်အတွင်း အင်္ဂါများအား အနုစိတ် စစ်ဆေးကြည့်ရှုနိုင်ပြီ စသည့် နိုင်ငံတကာ ရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာပေးအစီအစဉ် ဆွေးနွေးပွဲ (Seminar)ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် Subprime Mortgage Crisis, An International Experience in Credit Risk Management ဘာသာရပ်ကို မေ၃ရက်မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂)စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍလည်း တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာရန်လို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်ထုတ် ဘက်စုံသုံး ဇီဝမီးဖိုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့ ဖွံ့ဖြိုးတိုးတက်မှု၊ ဗထူးတပ်မြို့ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ်ရှိ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အေးသာယာစက်မှုဇုန်မှ မိုင်နှုန်း (၆၀)နှင့်အထက် မောင်းနှင်နိုင်သည့် မော်တော်ယာဉ်ငယ်များ ထုတ်လုပ်ရန်၊ အေးသာယာ သံရည်ကျို ပုံလောင်း ပုံထောင်း စက်ရုံများမှ အရည်အသွေးကောင်းမွန်သော စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ရန်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်ရေး အလေးထားဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ထုတ်လုပ်မှု ပမာဏ တိုးတက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက သံရည်ကျို စက်ရုံမှ နေ့စဉ် စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်နိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏနှင့် ဝင်ငွေရရှိမှုအခြေအနေ၊ စက်မှုဇုန်၏ မော်တော်ယာဉ်အမျိုးမျိုး ထုတ်လုပ်နိုင်မှု၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း တပ်ဆင်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများ၊ အခြားစက်ပစ္စည်း ထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍလည်း တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပင်းပက်ဒေသတွင် သံစိမ်းထုတ်လုပ်မှုစက်ရုံ၊ ဘိလပ်မြေစက်ရုံ စသည်ဖြင့် စက်မှုလုပ်ငန်းများ ထူထောင်လျက်ရှိကြောင်း၊ အရင်းအနှီးကြီးမားပြီး ပုဂ္ဂလိကများအပိုင်းက မလုပ်ကိုင်နိုင်သောစက်မှုလုပ်ငန်းများကို နိုင်ငံတော်က ရင်းနှီးထူထောင်လျက်ရှိသော်လည်း ပုဂ္ဂလိက လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံပြီး လုပ်တတ်ကိုင်တတ်လာအောင် မိမိတို့ ပျိုးထောင်အားပေးလျက်ရှိကြောင်း၊ နိုင်ငံပိုင်စက်ရုံများအနက် ပုဂ္ဂလိကများ လုပ်ကိုင်နိုင်သော စက်ရုံများကိုလည်း ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များက စက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထူထောင်လုပ်ကိုင်နိုင်ပြီး ကြီးပွားတိုးတက်လာရန် လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်၌ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ကြီးပွားမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်ထုတ် ဘိုင်အိုဒီဇယ်ဆီသုံး လေမီးဖိုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ထုတ် ပစ္စည်းများ ခင်းကျင်းစီစဉ် ပြသထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြရာ ရှေးဦးစွာ ဘက်စုံသုံး ဇီဝမီးဖိုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဘိုင်အိုဒီဇယ်ဆီသုံး လေမီးဖိုများ၊ ဇီဝဩဇာဆေးရည်များ၊ မော်တော်ယာဉ်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ဖိုင်ဘာပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ရေအားလျှပ်စစ်ထုတ်စက်များကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ ကြက်ဆူခွဲစက်၊ ပြောင်းဖူးစေ့သန့်စင်စက်၊ ထယ်အမျိုးမျိုး စသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြ[...]
Micro Bus ကိုယ်ထည် အစိတ်အပိ[...]
ကောင်း၊ မော်တော်ယာဉ်စစ်ဆေးရေး[...]
မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်အမျိုးမျိုး[...]
ကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါ[...]
နှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်း[...]
ဆောင် ဦးတင်နိုင်သိန်းတို့သည် တောင်[...]
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွား[...]
အသင်း အတွင်းရေးမှူးများ၊ အလုပ်အ[...]
တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အ[...]
က အသင်း၏ စည်းရုံးဆောင်ရွက်ချက်မျ[...]
အတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်[...]

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အဖွင့်" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၅ - ၂း၀၅	Soccer Update
၈း၂၅ - ၂း၂၅	ACTIVITIES IN THE CITY
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅ - ၂း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ဂရုစိုက်ကာကွယ် မျက်စိအန္တရာယ်) [ပါမောက္ခဒေါက်တာတင်ဝင်းနှင့် တွေ့ဆုံခြင်း]
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	သပြေကုန်းမှ ရွှေအပြုံးများ
၁၀း၀၅ - ၄း၀၅	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၁၀း၁၅ - ၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (မိုနိုလေးနှင့် တွေ့ဆုံခြင်း)
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	"အရိယာဉာဏ်ဖြင့်သာ ဝင်စားအပ်သော အမြတ်တကာ့ အမြတ်ဆုံးနိဗ္ဗာန်" ဒေါက်တာချစ်ငယ်(ဒဿန) Ph.D
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	စိတ်အားထက်သန် ဆန္ဒအမှန်
၁၁း၅၅ - ၅း၅၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	Man And The Elephant (Part-1)
၁၂း၃၀ - ၆း၃၀	သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့် မြန်မာနိုင်ငံ အပိုင်း(၁)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Derby-Arsenal	ESPN(Live)

✧ ကျောဖုံးမှ

ဆောင်ရွက်ပေးမှုများအတွက် နွေစပါးကို တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်သဖြင့် တောင်သူလယ်သမားတစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှု အဆင့်အတန်းများ မြင့်မားလာကာ ကျေးလက်သာမက မြို့ပြအပါအဝင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလွှဲဆည်များနှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင်၊ ပူးပေါင်းကာကွယ် စောင့်ရှောက်ကြရန်လိုကြောင်း၊ ရေဝေရေလဲ ဧရိယာရှိ သစ်တော၊ သစ်ပင်များ ထာဝရ စိမ်းလန်းစိုပြည်ရန် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းတာတမံ၊ တူးမြောင်း ဥပဒေများကိုလည်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် တောက်ပြို ရေ

ဒလမြို့ ရာပြည့် ဓမ္မဒီပနီဗိမာန်တော်ကြီး ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီကျောင်းတိုက်ကြီးအတွင်းရှိ ရာပြည့်ဓမ္မဒီပနီဗိမာန်တော်ကြီး ရေစက်ချ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅မိနစ်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရွှေဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန်နှင့် ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝ တောရကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောင်းတိုက်အတွင်းရှိ မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြိန်ဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် နံ့သာတိုင်များ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး နောင်တော်ကြီးဘုရားအား ရောင်တော်ဖွင့် ပူဇော်ကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

များကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Micro Bus ကိုယ်ထည် အစိတ်အပိုင်း ထုတ်လုပ်ထားမှုများကိုလည်းကောင်း၊ မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံနှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်အမျိုးမျိုးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းတို့သည် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးညဏ်လင်းက အသင်း၏ စည်းရုံးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

သီလခံယူ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များ ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီ ကျောင်းတိုက်ကြီး အတွင်းရှိ ရာပြည့် ဓမ္မဒီပနီဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီကျောင်းတိုက်ကြီးအတွင်းရှိ ရာပြည့်ဓမ္မဒီပနီဗိမာန်တော်ကြီးကို တွေ့ရစဉ်။

(သတင်းစဉ်)

✧ **ကျောဖုံးမှ**

ဆောင်ရွက်ပေးမှုများအတွက် နွေစပါးကို တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်သဖြင့် တောင်သူလယ်သမားတစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှု အဆင့်အတန်းများ မြင့်မားလာကာ ကျေးလက်သာမက မြို့ပြအပါအဝင် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလွှဲဆည်များနှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင်၊ ပူးပေါင်းကာကွယ် စောင့်ရှောက်ကြရန်လိုကြောင်း၊ ရေဝေရေလဲ ဧရိယာရှိ သစ်တော၊ သစ်ပင်များ ထာဝရ စိမ်းလန်းစိုပြည်ရန် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းတာတမံ၊ တူးမြောင်း ဥပဒေများကိုလည်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် တောက်ပြို ရေလှောင်တမံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တောက်ပြိုရေလှောင်တမံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခု ဖွင့်လှစ်လိုက်သော တောက်ပြိုရေလှောင်တမံသည် နိုင်ငံတော်၏ အခု(၂၁၀)မြောက် ရေလှောင်တမံဖြစ်၍ နေပြည်တော်အတွင်း၌ (၂၇) ခုမြောက် ရေလှောင်တမံဖြစ်ပြီး နေပြည်တော် ပျဉ်းမနားမြို့နယ် တောက်ပြိုချောင်းပေါ်၌ တည်ဆောက်ထားသည့် မြေသားတမံဖြစ်ကာ တမံအမြင့် ၅၇ ပေ၊ တမံအလျား ပေ ၁၄၀၀ ရှိသည်။ ၂၀၀၈ ခုနှစ် မိုးရာသီမှစတင်၍ ရေသိုလှောင်နိုင်မည်ဖြစ်ပြီး ရေသိုလှောင်နိုင်မည့် ပမာဏမှာ ဧကပေ ၂၅၀၀ ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အလျား ၁၈၆ ပေ၊ သုံးပေအချင်း သံကူကွန်ကရစ်ပိုက် တစ်လုံးပါရှိသည်။ ရေပိုလွှဲမှာ အလျား ၇၅၃ ပေ၊ အကျယ် ၁၅ ပေရှိပြီး ဆည်ရေပေးနိုင်မည့် လယ်မြေဧကမှာ ဧက ၃၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ တောက်ပြိုရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေး တေးကဗျာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ အပိုင်း (၁၇)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၅)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့ရှိ မွေ့ရာစက်ရုံတွင် ဧပြီ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်ဆိပ်ကမ်းတွင် ကုန်ပစ္စည်းအတုများဖမ်းမိ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ဆိပ်ကမ်းတွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း တန်ဖိုးရှိသော အိုင်ပေါ့များ၊ အဝတ်အထည်များ၊ ကျောက်မျက်ရတနာများနှင့် အခြားကုန်ပစ္စည်းအတုများ ထည့်ထားသော ကွန်တိန်နာ နှစ်လုံးကို ဖမ်းဆီးရမိကြောင်း ဗဟိုအစိုးရအာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးမှ ခရာစ်ကီး နားဂါးမက်ဇ်က အဆိုပါ သင်္ဘောတင် ပစ္စည်းများကို ဧပြီ ၁၈ မှ ၂၂ ရက် အတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားသည်။

ကွန်တိန်နာနှင့် ပါလာသော စာရွက်စာတမ်းများအရ အခြားအထုပ်အပိုးများလည်းပါဝင်ကြောင်းဂါးမက်ဇ်က ပြောကြားသည်။

စစ်ဆေးသူများသည် ဦးထုပ်များ၊ ဖိနပ်များ၊ စောင်များ၊ ပိုက်ဆံအိတ်များ၊ အိုင်ပေါ့များ၊ ခါးပတ်များ၊ အဝတ် အထည်များတွင် ဘာဘာရီ၊ ဂျိုင်အို ဂျီအိုအာမာနီ၊ ဘောဘီဖတ်၊ ဒိုလီအန်ဂဗ် ဘာနာနှင့် တီအေဂျီဟီးနား တံဆိပ် အတုများ တပ်ထားသည်ကို တွေ့ရ ကြောင်း ဂါးမက်ဇ်က ပြောကြားသည်။

အစစ်အမှန်ပစ္စည်းများ အပါအဝင် သင်္ဘောတင်ပစ္စည်းများသည် အမေရိကန် ဒေါ်လာ ၃၈ သန်းကျော် တန်ဖိုးရှိကြောင်း၊ကုန်အမှတ်တံဆိပ် ပိုင်ရှင်၏ ခွင့်ပြုချက်မရှိသော ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းသည် ဉာဏ်ရည်မူပိုင်ခွင့်ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားလိုက်သည်။

နိုင်ငံတကာသတင်းများ

မော်ရိုကို၌ မွေ့ရာစက်ရုံမီးလောင်၊ ၅၅ဦးသေဆုံး

ရာဘတ် ဧပြီ ၂၇

မော်ရိုကိုနိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သော ကာဆာဘလန်ကာရှိ မွေ့ရာစက်ရုံတွင် စနေနေ့က မီးလောင်မှုဖြစ်ပွားရာ သေဆုံးသူဦးရေ ၅၅ဦးအထိရှိပြီ ဖြစ်ကြောင်း မက်သတင်းဌာနက ဖော်ပြသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက မူလခန့်မှန်းသေဆုံးသူဦးရေ ၂၅ဦးမှ တိုးလာခြင်းဖြစ်ကြောင်း အတည်ပြုပြောဆိုသည်။

အစောပိုင်းက သေဆုံးသူ ၂၅ဦးရှိပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ဒဏ်ရာရရှိသူ ရှစ်ဦးရှိ ကြောင်း မက်သတင်းဌာနကဖော်ပြခဲ့သည်။

မော်ရိုကိုနိုင်ငံ၏ စီးပွားရေးမြို့တော် မြောက်ဘက်အနီးရှိ ပေးဟာခါနီတွင် မွေ့ရာစက်ရုံ၏ ကြမ်းပြင်မှ နံနက် ၁၀နာရီတွင် စတင်လောင်ကျွမ်းကြောင်း ဆက်လက်ဖော်ပြသည်။

မီးလောင်သော အချိန်တွင် စက်ရုံအလုပ်သမားအသစ် ၆၀ခန့် ရှိနေကြောင်း၊ မီးသတ်သမား ၁၀၀ခန့်က မီးငြိမ်းသတ်နိုင်ရန်ကြိုးစားခဲ့ကြောင်း၊ မီးလောင်ရခြင်း၏ အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ နာဂါနိုမြို့တွင် ပေကျင်း အိုလံပစ် မီးရှူးတိုင်အား လက်ဆင့်ကမ်း သယ်ဆောင်လာသည်ကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်မှ ကုန်တင်ယာဉ်မောင်းတစ်ဦး ဒါဖာတွင် ထပ်မံပစ်သတ်ခံရ

ခါတွမ် ဧပြီ ၂၆

ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းထားသည့် ကုန်တင်ယာဉ်မောင်း တစ်ဦးသည် ကယ်ဆယ်ရေး စားနပ်ရိက္ခာများကို ပြဿနာဖြစ်ပွားနေသော ဆူဒန်နိုင်ငံဒါဖာဒေသသို့ သွားရောက်ပို့ဆောင်စဉ် အသတ်ခံရကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပစ်သတ်ခံရ

၎င်းယာဉ်မောင်းသည် အသက် ၅၈ နှစ်ရှိ မိုဟာမက် မက်ကီဖြစ်ပြီး မြောက်ပိုင်း ဒါဖာနှင့် တောင်ပိုင်း ဒါဖာဒေသအတွင်း စားနပ်ရိက္ခာ သယ်ယူပို့ဆောင်စဉ် သေနတ်ဖြင့် တနင်္လာနေ့တွင် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု ဒဗလျူအက်ဖ်ပီက ခါတွမ်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

မိုဟာမက် မက်ကီသည် ကုလသမဂ္ဂက ငှားရမ်းထားသည့် ယခုလအတွင်း ဒုတိယမြောက် သေဆုံးသူ ယာဉ်မောင်းဖြစ်သည်။ အလီအမည်ရှိ ကုန်တင်ယာဉ်မောင်းသည်လည်း တောင်ပိုင်း ဒါဖာဒေသတွင် စားနပ်ရိက္ခာသွားရောက်ပို့ဆောင်စဉ် မတ်လ ၂၄ ရက်က သေဆုံးခဲ့သည်။

မိုဟာမက် မက်ကီသည် ရဲတပ်ဖွဲ့ စောင့်ကြပ်လိုက်ပါသည့် မော်တော်ယာဉ်တန်းဖြင့် ပါလာသူဖြစ်ပြီး သေနတ်သမားများ၏ တိုက်ခိုက်မှုခံခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်ရေတပ်ဖွဲ့ဝင်တစ်ဦးကို မုဒိမ်းမှုဖြင့် စစ်ခုံရုံးတင်မည်

တိုကျို ဧပြီ ၂၆

ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါကျွန်းတွင် ဖေဖော်ဝါရီလအတွင်း၌ ၁၄ နှစ်အရွယ် ကျောင်းသူတစ်ဦးကို ပြန်ပေးဆွဲမုဒိမ်းကျင့်သည်ဟု စွပ်စွဲခံရသော အမေရိကန် မရိမ်းစစ်သားကို စစ်ခုံရုံးတင်မည်ဖြစ်ကြောင်း အမေရိကန် စစ်တပ် အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန် မရိမ်းတပ်ကြပ်ကြီး ဟက်နော့ဗ်ကို မိန်းကလေးအား မုဒိမ်းကျင့်သည်ဟု မသင်္ကာမှုနှင့် ဖေဖော်ဝါရီလတွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

စစ်ဥပဒေအရ

အမေရိကန် စစ်ဥပဒေအရ ဟက်နော့ဗ်ကို မုဒိမ်းမှု၊ ၁၆ နှစ်အောက် အသက်မပြည့်သေးသော ကလေးအား လိင်ဆက်ဆံမှုနှင့် လိမ်လည်လှည့်ဖြား၍ ပြန်ပေးဆွဲမှုတို့ဖြင့် စွဲချက်တင်ထားကြောင်း အိုကီနာဝါရှိ အမေရိကန်မရိမ်းတပ်ဖွဲ့မှ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်၌ အမေရိကန်လေတပ်တိုက်ခိုက်၊ နှစ်ဦးသေ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက်တစ်ဝိုက်ကို အမေရိကန် စစ်လေယာဉ်များက တိုက်ခိုက်ရာ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားလျက်ရှိသော ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဆဒါစီးတီးကိုလည်း သောကြာနေ့ညက အမေရိကန်လေတပ်က တိုက်ခိုက်ကြောင်း အမည်မဖော်လိုသူ သတင်းပေးတစ်ဦးက ပြောသည်။ အသေးစိတ် အကြောင်းအရာများကိုမူ ပြောကြားခြင်း မရှိပေ။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက အဆိုပါနယ်မြေကို ပိုက်စိပ်တိုက် ရှင်းလင်းလျက်ရှိရာ တိုက်ပွဲဖြစ်ပွားရာနေရာနှင့်လူအသေအပျောက်ကို ချက်ချင်း သတင်းမရကြောင်း ၎င်းသတင်းပေးက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝမ်းဗိုက်ပေါ်တွင် အရေပြားအဆမတန်ကြီးထွားလာသော ရုရှား အမျိုးသမီးတစ်ဦးကို မခွဲစိတ်မီ ဧပြီ ၂၅ ရက်က တွေ့ရစဉ်။ (၎င်း၏ ဝမ်းဗိုက်အရေပြားသည် ၃၆ လက်မရှည်ပြီး အလေးချိန် ၁၂၅ပေါင်ရှိသည်)

(ဓာတ်ပုံ-အင်တာနက်)

၂၀၁၁ ခုနှစ်တွင် အိန္ဒိယလူဦးရေ ၁ ဒသမ ၂ ဘီလီယံသို့ ရောက်ရှိမည်

နယူးဒေလီ ဧပြီ ၂၆

အိန္ဒိယနိုင်ငံလူဦးရေသည် ၂၀၁၁ ခုနှစ်ခန့်တွင် ၁ ဒသမ ၂ ဘီလီယံ အထိ ရှိလိမ့်မည်ဟု ခန့်မှန်းပြောကြားကြောင်း ပြည်ထဲရေးဝန်ကြီးရှီဗရာဂျ်ပတေးက ပြည်ထဲရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ဖော်ပြထားသော သတင်းအရ သိရသည်။

၂၀၁၁ခုနှစ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မှတ်ပုံတင်အထွေထွေနှင့် သန်းခေါင်စာရင်းကော်မရှင်က ကြီးမှူး၍ နှစ်ရက်ကြာ ကျင်းပသော အချက်အလက်ဆိုင်ရာ ဆွေးနွေးပွဲ၌ ပြည်ထဲရေးဝန်ကြီးက အိန္ဒိယနိုင်ငံ၏ လူဦးရေကို ကြာသပတေးနေ့တွင် ကြိုတင်ဟောကိန်းထုတ်လိုက်ခြင်းဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းပြီးဆုံးပြီးနောက် နှစ်နှစ်မှ သုံးနှစ်အတွင်း အချက်အလက်များကို ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းကြရန် ဝန်ကြီးက တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်အရှေ့ပိုင်းတွင် ၁၀ဦးသေဆုံး၊ ၇၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ညသန်းခေါင်ကျော်အချိန်က မြေပြင်စစ်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမား ၁၀ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့်အမျိုးသား ၁၁ဦး သေဆုံးပြီး အမျိုးသမီးကိုးဦးနှင့် ကလေး ၁၂ဦးအပါအဝင် လူ ၇၄ဦး ဒဏ်ရာရရှိကြောင်း ဘဂ္ဂဒက်မြို့အရှေ့ဘက် ဆာဒါမြို့ ရပ်ကွက်ရှိ ဆေးရုံနှစ်ခု၏ သတင်းအရပြောကြားခြင်းဖြစ်သည်။

မြေပြင်စစ်ပွဲတွင် တိုက်ခိုက်ရေးသမားသုံးဦး သေဆုံးကြောင်း၊ လေကြောင်းတိုက်ခိုက်မှုတွင် စစ်သွေးကြွခုနစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဆာဒါမြို့ ရပ်ကွက်နှင့်ပတ်ဝန်းကျင်ဒေသများတွင် အီရတ်အစိုးရက ဘာသာရေးခေါင်းဆောင် မော်တာဒါအယ်လ်ဆာဒါအဖွဲ့ကို ထိရောက်စွာနှိမ်နင်းပြီးနောက် ရှီးယိုက်စစ်သွေးကြွများနှင့် အမေရိကန် တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

၎င်းဒေသတွင် တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့်လက သေကျေဒဏ်ရာရရှိသူ ရာပေါင်းများစွာ ဖြစ်လာသည်။

အမေရိကန်တပ်ဖွဲ့များက ဆာဒါမြို့တောင်ဘက်ပိုင်း နယ်မြေအတွင်းသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီး တစ်ရက်အကြာ စစ်သွေးကြွများက မြို့တော်အတွင်းသို့ ဒုံးကျည် ၇၀၀ ကျော်ဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့သည်။

အမ်အင်အေး၊ရိုက်တာ။

ဂျာမနီနိုင်ငံ လေကြောင်းပြပွဲတွင် လူအုပ်အတွင်း လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီလေကြောင်းပြပွဲ၌ လူအုပ်အတွင်းသို့ လေယာဉ်ပျက်ကျ

ဘာလင် ဧပြီ ၂၇

ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ အီဆီနေ့ချ်မြို့အနီးကင်ဒယ်လေယာဉ်ကွင်းတွင် ဧပြီ၂၆ရက်က လေကြောင်းပြပွဲပြုလုပ်ရာမှ လူအုပ်အတွင်းသို့ လေယာဉ်ပျက်ကျသောကြောင့် ၄၅နှစ်အရွယ်အမျိုးသမီးတစ်ဦးသေဆုံးပြီး အခြား၁၀ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမတော်တဆမှုတွင် လေယာဉ်မှူးလည်းဒဏ်ရာရရှိခဲ့သည်။

အသက်၉နှစ်နှင့်၁၄နှစ်အရွယ် ကလေးနှစ်ဦးအပါအဝင် ၁၀ဦးဒဏ်ရာရရှိသည်။ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို မသိရှိရသေးချေ။ ၎င်းလေယာဉ်သည် ချက်နိုင်ငံလုပ် ဇက်-၃၇အမျိုးအစားတစ်ယောက်စီး လေယာဉ်ဖြစ်ကြောင်း ဂျာမန်သတင်းဌာနက ပြောကြားသည်။

အမ်အင်အေး၊ ရိုက်တာ။

မီးရထားစီးခရီးသည်များလက်မှတ်မဲ့စီးပါက နယ်သာလန်၌ ထိရောက်စွာ အရေးယူမည်

ဘရပ်ဆယ် ဧပြီ ၂၆

နယ်သာလန်နိုင်ငံတွင် မီးရထားစီးခရီးသည်များအနေဖြင့် လက်မှတ်ဝယ်ယူမှုမရှိဘဲ ခရီးသွားကြပါက လက်ထိတ်များနှင့် နံပါတ်တုတ်များကိုင်ဆောင်ထားသည့် လက်မှတ်စစ်များက တာဝန်ယူ ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဒတ်ချ်သတင်းစာ ဒီယော့စကီးရင့်က ကြာသပတေးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ယင်းလက်မှတ်မဲ့ စီးနင်းသည့်ပြဿနာကို အင်အားသုံးဖြေရှင်းနိုင်ရန် တရားရေးဌာနမှ ဝန်ထမ်းများကကြီးမားသည့် လုပ်ပိုင်ခွင့်ပေးနိုင်မည် မပေးနိုင်မည်ကို ရထားကုမ္ပဏီက တရားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု နယ်သာလန်မီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဖော်ပြပါသတင်းစာသို့ ပြောကြားသည်။

ယင်းပြဿနာ ဖြေရှင်းရန်အတွက် ခရီးသည်များ၏ ခန္ဓာကိုယ်ရှာဖွေရေး၊ နံပါတ်တုတ်အသုံးပြုမှုနှင့် လက်ထိတ်များ အသုံးပြုရေးကိစ္စကို ယခုအခါဆွေးနွေးလျက်ရှိသည်။ ပစ္စည်းကိရိယာသစ်များကို နယ်သာလန်မီးရထားဌာနမှ လက်မှတ်စစ် ၂၃၀၀သို့ အားလုံးထုတ်ပေးမည်မဟုတ်ဘဲ အထူးသင်တန်းပေးထားသည့် အရာရှိ ၁၀၀၀သို့သာ ပေးအပ်သွားမည်ဖြစ်သည်။ ၎င်းအရာရှိများကို အန္တရာယ်ရှိသည့် မီးရထားလိုင်းများတွင် ဖြန့်ကြက်ထားမည် ဖြစ်သည်။

အမ်အင်အေး၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူး ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့ပြည်နယ်တွင် ဧပြီ ၂၆ ရက်က လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လူလေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဧပြီ ၂၅ ရက်ကလည်း ပက်တီယာပြည်နယ် ဝါဇီခရိုင်တွင် မတော်တဆဖြစ်ပွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ၎င်း၏ယာဉ်မောင်း သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်ယခုနှစ်၌ တာလီဘန်များအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၄၀၀ ကျော်သေဆုံးခဲ့ရသည်။ ***အမ်အင်အေး၊ဆင်ဟွာ။***

စပိန်ငါးဖမ်းသင်္ဘောနှင့်သင်္ဘောသားများအား ဆိုမာလီယာပင်လယ်ဓားပြများ ပြန်လွှတ်

နိုင်ရိုဘီ ဧပြီ ၂၇

ဆိုမာလီယာပင်လယ်ဓားပြများက ဧပြီ ၂၆ရက်တွင် စပိန်ငါးဖမ်းသင်္ဘောနှင့် သင်္ဘောသားအားလုံးကို ပြန်လွှတ်ပေးခဲ့သည်။ ဖမ်းဆီးထားသူများကိုပြန်လွှတ်ပေးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂သန်းပေးရကြောင်း အရှေ့အာဖရိက သင်္ဘောသားများအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်သူက ပြောကြားသည်။ ယင်းသင်္ဘောကို စပိန်ရေတပ်သင်္ဘော၏စောင့်ရှောက်မှုဖြင့်ဗစ်တိုးရီးယားဆိပ်ကမ်းသို့ ပြန်လည်ခေါ် ဆောင်လာခဲ့သည်။

ပလာယာ ဒီဘာကီအိုအမည်ရှိ ငါးဖမ်းသင်္ဘောသည် သင်္ဘောသား ၂၆ဦးနှင့်အတူ လွန်ခဲ့သည့် တနင်္ဂနွေနေ့က ဆိုမာလီယာနိုင်ငံမှ ရေမိုင် ၂၀၀ တွင်ပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းခံရပြီး ၎င်းသင်္ဘောလွတ်မြောက်ရေးကူညီရန်ယင်းဒေသသို့ မန်ဒေါ့ဂ်ညူနော့စ် ဖရီးဂိတ် စစ်သင်္ဘောကို စပိန်နိုင်ငံက စေလွှတ်ခဲ့သည်။ *အမ်အင်အေး၊ဆင်ဟွာ။*

တူရကီဝန်ကြီးချုပ် အာဒိုဂန်အား ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်နာဂျီအိုတာရီက ကြိုဆိုနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးကိစ္စ တူရကီဝန်ကြီးချုပ်ကြိုးပမ်း

ဒမတ်စကတ် ဧပြီ ၂၆

ဆီးရီးယားနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများစတင်နိုင်ရန် ကြိုးပမ်းချက်အဖြစ် တူရကီဝန်ကြီးချုပ်သည် ဒမတ်စကတ်မြို့သို့ စနေနေ့ကရောက်ရှိလာသည်။

ဆီးရီးယားနှင့် တူရကီစီးပွားရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားပြီးနောက် တူရကီဝန်ကြီးချုပ် ရီဆက်ကေယစ်အာဒိုဂန်နှင့် ဆီးရီးယားသမ္မတ ဘတ်ရှားအာဆတ်တို့ တွေ့ဆုံခဲ့ကြသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့သော အကြောင်းအရာများကို မရရှိသေးသော်လည်း ဒမတ်စကတ်မှ ပြန်လည်မထွက်ခွာမီ အာဒိုဂန်က နှစ်နိုင်ငံအကြား အဆင့်နိမ့် ဆွေးနွေးပွဲများစတင်ရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

အာဖဂန်စစ်ပွဲ၌ အမေရိကန်နှင့် ဗြိတိန်တို့ ဆောင်ရွက်မှု ကာဇိုင်းဝေဖန်

နယူးယောက် ဧပြီ ၂၇

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် သည်နယူးယောက်တိုင်းသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အာဖဂန်နစ္စတန်စစ်ပွဲ၌ အမေရိကန်နှင့်ဗြိတိန်တို့၏ ဆောင်ရွက်လုပ်ကိုင်ပုံများအား ဝေဖန်ပြောကြားချက်များကို စနေနေ့ထုတ် သတင်းစာတွင် ဖော်ပြထားသည်။

သမ္မတကာဇိုင်းကပြောကြားရာတွင် အမေရိကန်တပ်ဖွဲ့များက တာလီဘန်ဟုသင်္ကာမကင်းသူ များနှင့် ထောက်ခံအားပေးသူများကို ဖမ်းဆီးနေခြင်းအား ရပ်တန့်စေလိုကြောင်း၊ အနှိပ်စက်ခံ၊ အဖမ်းဆီးခံရမှာ ကြောက်ရွံ့ခြင်းသည် တာလီဘန်တို့အား လက်နက်ချအလင်းမဝင်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေကြောင်း ၎င်း၏သဘောထားကို ဖော်ပြသွားသည်။

အဖမ်းအဆီးခံရသောလူများအား ညှဉ်းပန်းနှိပ်စက်မှုအသေးစိတ်ကိုမူ သူမသိရှိကြောင်းပြောကြားသည်။

ကာဇိုင်းက အမေရိကန်ဦးဆောင်သောမဟာမိတ်တပ်များ၏ အာဖဂန်ကျေးရွာများတွင် အကြမ်း ဖက်သမားများအပေါ် စစ်ရေးဆောင်ရွက်ပုံများကို ဝေဖန်ပြောကြားသည်။

အရပ်သားများသေဆုံးခြင်းကို ရပ်တန့်သွားရန်လိုအပ်ကြောင်း၊ အရပ်သားများ သေဆုံးရခြင်းကို လွန်စွာ ဝမ်းနည်းကြေကွဲကြောင်း သမ္မတက ထပ်မံပြောကြားခဲ့သည်။

အမ်အင်အေး၊ရိုက်တာ။

ဧပြီ ၂၆ရက်က ဆိုမာလီယာ ပင်လယ်ဓားပြများက ပြန်လွှတ်လိုက်သော စပိန်နိုင်ငံမှ ပလာယာ ဒီဘာကီ ငါးဖမ်းသင်္ဘောအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီးရဲတပ်ဖွဲ့ မူးယစ်မှောင်ခိုဂိုဏ်းအားစီးနင်း ၁၁ဦးသေဆုံးပြီး မူးယစ်ဆေးဝါးများဖမ်းမိ

ရီယိုဒီဂျနေရိုး ဧပြီ ၂၇

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ ဆင်ခြေဖုံးရပ်ကွက်အတွင်း မူးယစ်မှောင်ခိုဂိုဏ်းများကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ အနည်းဆုံး လူ၁၁ဦး သေဆုံးသည်။

အဆိုပါဖြစ်ပွားမှုကြောင့်သံသယရှိသူ မူးယစ်မှောင်ခို ၁၀ဦးနှင့် ယင်းရပ်ကွက်အတွင်း နေထိုင်သူ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ယင်းသို့ ဝင်ရောက်စီးနင်းစဉ် မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်၊ လက်ပစ်ဗုံးငါးလုံးနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည်။

အမ်အင်အေး၊ရိုက်တာ။

နွေရာသီလူငယ် အဆင့်မြင့်ဘောလုံး သင်တန်းဖွင့်လှစ်
သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက် လေ့ကျင့်နေ
(၇)နှစ်နှင့် (၁၃)နှစ်ကြား အလားအလာရှိသူများအား သင်ကြား

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မည်သည့် အားကစားနည်း မဆို လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း များ လိုအပ်၍ မိမိတို့ အဖွဲ့ချုပ် အနေဖြင့်လည်းလူငယ်မျိုးဆက် သစ်ပေါ်ထွက်လာရန်ဆောင်ရွက် နေ။ (မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်)

အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Bevearges Trading Co.,Ltd. တို့ ပူးပေါင်း၍ ၂၀၀၈ခုနှစ် နွေရာသီလူငယ် အဆင့်မြင့် ဘောလုံးသင်တန်း ဖွင့်ပွဲကို ဧပြီ ၂၆ရက် နံနက် ၈ နာရီက သုဝဏ္ဏ လေ့ကျင့်ရေးကွင်း (၃)တွင် ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၈ ခုနှစ် နွေရာသီလူငယ် အဆင့်မြင့် ဘောလုံး သင်တန်း ဖြစ်မြောက်ရေးအတွက် Main Sponsor အဖြစ် ငွေကျပ်သိန်း ၅၀ ပံ့ပိုးကူညီခဲ့သော International Bevearges Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဘောလုံးကန်၍ ယူ-၁၄ ပဏာမလူငယ် လက်ရွေးစင် အစိမ်းအသင်းနှင့် အပြာအသင်းတို့၏ သရုပ်ပြပွဲကို စတင်ပေးသည်။

နွေရာသီ လူငယ် အဆင့်မြင့် ဘောလုံးသင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၂၇ ရက်အထိ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း (၃) နှင့် ကွင်း (၄) တို့တွင် ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြသည်။

ယင်းသင်တန်းတွင် အတန်းသုံးတန်းခွဲ၍ သင်ကြားပေးလျက်ရှိရာ အသက် (၈-၉-၁၀)နှစ် အတန်းတွင် ၃၀၊ အသက် (၁၁-၁၂)နှစ် အတန်းတွင် ၅၁ ဦး၊ အသက် ၁၃ နှစ် အတန်းတွင် ၃၈ ဦးနှင့် အမျိုးသမီး သင်တန်းတွင် ၄၁ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းနည်းပြများအဖြစ် မြန်မာ့လက်ရွေးစင်နှင့် လူငယ်နည်းပြဆရာများက တာဝန်ယူသင်ကြားပေးလျက်ရှိပြီး သင်တန်းမှူးအဖြစ် ဦးခင်မောင်တင့်၊ နည်းပြများအဖြစ် ဦးအုန်းကြိုင်၊ ဦးဝင်းမြင့်သွင်၊ ဦးကျော်လွင်၊ ဦးစိုးမိုး၊ ဦးထွန်းတင့်အောင်၊ ဦးရွှေဘော်၊ ဦးအောင်ထွန်းထွန်း၊ ဦးမောင်မောင်ငွေး၊ ဦးဇော်ဝင်းထွန်း၊ ဦးတင်ငြိမ်း၊ ဦးဘုန်းနိုင်နှင့် ဒေါ်သက်သက်ဝင်းတို့က ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အတွက် ရေတိုရေရှည် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား ကြေးမုံက သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က "မိမိတို့ အဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံး

နွေရာသီ အဆင့်မြင့်ဘောလုံးသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပံ့ပိုးကူညီခဲ့သော **IBTC Co.,Ltd.** မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

အားကစား တိုးတက်မြင့်မားရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မည်သည့် အားကစားနည်းမဆို လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများရှိရန် လိုအပ်၍ မိမိတို့အဖွဲ့ချုပ် အနေဖြင့်လည်း လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာရန် ဆောင်ရွက်နေပါကြောင်း၊ ယခု နွေရာသီလူငယ် အဆင့်မြင့် ဘောလုံးသင်တန်းကို ယင်းရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခု သင်တန်းတွင် အသက်(၇)နှစ်မှ (၁၃)နှစ်ကြားရှိ အလားအလာရှိသည့် လူငယ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ယူ-၁၃ဘောလုံးပြိုင်ပွဲများ ကျင်းပနေပြီဖြစ်၍ မိမိတို့ကလည်း အသက်(၇-၈)နှစ်ကစပြီး လေးငါးနှစ်ပြုစုပျိုးထောင်မှသာ ယင်းလူငယ် ပြိုင်ပွဲများကို အဆင့်အတန်း မီမီယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့က ယခု အဆင့်မြင့်လူငယ်သင်တန်းကို ရန်ကုန်တိုင်း အတိုင်းအတာတစ်ခုဖြင့်သာ ဖွင့်လှစ်နေခြင်းဖြစ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထပ်မံဖွင့်လှစ်သွားရန် ရှိပါကြောင်း၊ ဒါမှသာ လူငယ်အားကစားသမားများ များများထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် လူငယ်အမျိုးသားများအပြင် အမျိုးသမီးသင်တန်းသူ ၄၀ကျော် ပါလာ၍အားရဖွယ်ပင်ဖြစ်ပါကြောင်း။

ထို့အပြင် ကျောင်းသားအရွယ် လူငယ်မျိုးဆက်သစ်များ ထွက်ပေါ်နိုင်ရန်အတွက် အဖွဲ့ချုပ်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ရန်ရှိပါကြောင်း၊ ယခုဆိုလျှင် ပညာရေးဝန်ကြီးဌာနက ကျောင်းပေါင်းစုံပြိုင်ပွဲများ ကျင်းပနေပြီး မိမိတို့ အဖွဲ့ချုပ်ကလည်း လိုအပ်သည့် အကူအညီများ ပံ့ပိုးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာသင်ချိန်အပြင် ကျန်အားလပ်ချိန်များတွင် ဘောလုံး အားကစားနည်းများ လေ့လာလိုက်စားကြရင်း လူငယ်လူရွယ်များလမ်းမှားမရောက်ဘဲ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးနိုင်ကြောင်း၊ ထို့အတွက်ကြောင့် ဘောလုံး အားကစားနည်းသာမက အခြားကဏ္ဍများတွင်လည်း အကျိုးရှိနိုင်ကြောင်း၊ ဘောလုံးကစားလျှင် တစ်ဦးချင်း ထူးချွန်ကြိုးစားမှုသာမက အသင်းအဖွဲ့အလိုက် ယှဉ်ပြိုင်ရာတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်မှုများ တိုးပွားလာနိုင်ကြောင်း၊ လူငယ်လေးတွေ အားကစားကို စိတ်ဝင်စားလာအောင် မိဘ၊ ဆရာများအနေဖြင့် တိုက်တွန်း ဆောင်ရွက်သင့်ပါကြောင်း၊ အားကစားတစ်ခုခုကို လိုက်စားနေလျှင် လမ်းမှားမရောက်နိုင်တော့ဘဲ နိုင်ငံအတွက် အားထားရမည့်သူများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အားကစား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်နေ၍ မိမိတို့ အဖွဲ့ချုပ်အနေဖြင့် များစွာအကျိုးရှိပြီး လိုအပ်သည့် လူငယ်ကစားသမားများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်း" ဖြင့် ပြောကြားသွားသည်။

သင်တန်းသားများ ဘောလုံး လေ့ကျင့်နေစဉ်။

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၂၇

မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာမှ ဦးသန်းထွန်းလင်း အသက်(၄၀) သည် ဧပြီ ၂၅ရက် မွန်းလွဲ ၁နာရီခန့်တွင် ထင်းသယ်ယူရန်အတွက် ပဒေါင်းတောင်တစ်ဝိုက်သို့သွားရောက်စဉ် ပဒေါင်းတောင်အရှေ့ဘက် ကိုက် ၁၅၀၀ခန့် အကွာသို့အရောက်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် တိုက်မိုင်းတစ်လုံးကိုတိုက်မိပြီး ဦးသန်းထွန်းလင်းမှာ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

သေဆုံးသွားခဲ့

မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးသန်းထွန်းလင်းအား တာဝန်ရှိသူများက ဆေးကုသရန်အတွက် ပို့ဆောင်ကြစဉ် မွန်းလွဲ ၂နာရီခန့်တွင် ဟံဂံကျေးရွာ၌ပင် မိုင်းထိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကိုသိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းများက အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးပြီး သောင်းကျန်းသူအဖျက်သမားများနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၇-၄-၂၀၀၈)

မင်းဘူး
၁၀၉ဒီဂရီဖာရင်ဟိုက်
ချောက်၊ မကွေးနှင့်အောင်လံ
၁၀၇ ဒီဂရီဖာရင်ဟိုက်စီ
ရန်ကုန်
၉၅ဒီဂရီဖာရင်ဟိုက်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၇-၄-၂၀၀၈)

ကိုကိုးကျွန်း
၁ ဒသမ ၈၅ လက်မ
ပုသိမ်
၀ ဒသမ ၉၉ လက်မ
သထုံ
၀ ဒသမ ၅၉ လက်မ

မိုးသက်လေပြင်း ကျရောက်နိုင်

နေပြည်တော် ဧပြီ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ် တောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲပေး

သူငယ်ချင်းကောင်း ယောက်မတို့ရေ
မဲရုံဆီ အရောက်သွားလို့
မဲပြားယူလေ။
ထောက်ခံမဲ ပေးစို့အေ
ဒို့တစ်တွေ အခွင့်အရေး။
အခြေခံဥပဒေ ထောက်ခံပွဲကို
ဒို့တစ်တွေ အတူနွှဲပါလို့
(သူငယ်ချင်းတို့ရေ...)
မဲဆန္ဒပေး။ ။

ပညာသု

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၇

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်သန်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မဲပေးကြရာတွင်
ထောက်ခံမဲပေးခြင်းဖြင့် ဒီမိုကရေစီရရှိရေးအတွက်
အတူလက်တွဲ ပါဝင်ဆောင်ရွက်ကြပါစို့"

စိုင်းသိန်း၏ (ဆောင်းပါး) စာမျက်နှာ - ၄

တိုင်းမှူးဗိုလ်ချုပ်ဝေလွင်တောက်ပြိုရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လယ်ဧက ၃၀၀ ဆည်ရေပေးနိုင်မည့် တောက်ပြိုရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၇

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ နံနက်၉နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားအနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာ တောင်ညိုကျေးရွာအုပ်စုရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူ တည်ဆောက်ခဲ့သော တောက်ပြိုရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နေပြည်တော်တိုင်းအတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေအားလျှပ်စစ်ရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများအား စနစ်တကျစီမံ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။